# ကောင်းသောသိုးထိန်းမြန်မာဖောင်ဒေးရှင်း
# ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးမူဝါဒ

**၁။နိဒါန်း**

ကောင်းသောသိုးထိန်းမြန်မာဖောင်ဒေးရှင်း (GSMF) သည်လူသား တို့၏ဂုဏ်သိက္ခာကိုလေးစားပြီးလူ့အခွင့်အရေးကိုဖြည့်ဆည်းပေးနိုင်ရန် သန္နိဋ္ဌာန်ချ ထားသောအဖွဲ့အစည်းဖြစ်ပါသည်။ GSMF ၏လုပ်ငန်းဆောင်တာသည် လူသား တို့၏ ဘဝတန်ဖိုးကိုအလေးထားသည့် ရင်ကြားစေ့ရေးကိုဦးတည်သည့် အတွက် မိမိတို့၏ စောင့်ရှောက်မှုအောက်တွင်ရှိ သောကလေးအားလုံးကိုပြုစုစောင့်ရှောက် ရန်နှင့် ကာကွယ်ရန်တာဝန်ရှိပါသည်။ ထိရှလွယ်သောအားနည်းသူများ၏လိုအပ် ချက်ကို အထူးအလေး ထားဆောင်ရွက်ရပါမည်။

GSMF နှင့်ဆက်စပ်နေသော ကလေးအားလုံးသည်ဘေးကင်း လုံခြုံသော ပတ်ဝန်းကျင်တွင် ပျော်ရွှင်စွာနေထိုင်ရန်နှင့်ထိခိုက်နာကျင်စေမည့် ဘေးရန်များမှ ကာကွယ်ပေးခြင်းကိုခံယူရန် အခွင့်အရေးရှိပါသည်။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့၏ ကလေးသူငယ်အခွင့်အရေးဆိုင်ရာသဘောတူညီချက် (UNCRC – United Nations Convention on the Rights of the Child) အရ ကလေးသူငယ်အားလုံးသည် အသက်ရှင်ရပ်တည်ရန်၊ ခွဲခြားဆက်ဆံခြင်းမခံ ရရန်၊ကာကွယ်စောင့်ရှောက်မှုကိုခံယူရန်နှင့် လူသားဘဝဖွံ့ဖြိုးတိုးတက်ရန်အခွင့် အရေးများရှိကြသည်။မြန်မာနိုင်ငံကလေးသူငယ်အခွင့်အရေး သဘောတူညီချက်မှ တာဝန်ဝတ္တရားများနှင့်ပေါင်းစပ်ကာထိရှလွယ်သော အားနည်းသူကလေးသူငယ် များကိုပြုစုစောင့်ရှောက်ရန်နှင့် မတရားပြုခြင်းအားလုံးမှ ကာကွယ်ပေးရန်တို့မှာ မြင့်မြတ်သောတာဝန်ဟု GSMF ကခံယူပါသည်။ UNCRC အရ ကလေးသူငယ်တို့ အတွက် အကောင်းဆုံး အကျိုးရရှိရန်နှင့်နိုင်ငံတော်၏ ကလေးသူငယ်ကာကွယ်

စောင့်ရှောက်ရေး ဥပဒေနှင့်ကိုက်ညီသော ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးမူဝါဒကိုချမှတ်နိုင်ရေးမှာလည်း မွန်မြတ်သောတာဝန်တစ်ခု အဖြစ်ခံယူပါသည်။

GSMF ၏ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးမူဝါဒသည် ကလေးများအားရည်ရွယ်ချက်ဖြင့်ဖြစ်စေ၊ မရည်ရွယ်ဘဲဖြစ်စေ၊ ထိခိုက်နစ်နာစေခြင်းမှ ကာကွယ်ပေးမည့်အတွေးအခေါ်၊မူဝါဒ၊ စံချိန်စံညွှန်း၊ လမ်းညွှန်ချက်နှင့်လုပ်ထုံးလုပ်နည်းများကိုဖော်ပြထားပါသည်။ GSMF ၏ မူဝါဒတွင် ရန်ကုန်၊ မကျီးကွင်းကျေးရွာ၊ မန္တလေး၊ လှိုင်ကော်၊ ဟိုပင်၊ တာချီလိတ်၊ မိုးညှင်းနှင့်ပြင်ဦးလွင်တို့ရှိ စီမံကိန်း၊ စီမံချက်များအားလုံးနှင့် အခြားရပ်ရွာများတွင် ဆောင်ရွက်လာမည့် စီမံကိန်းအားလုံး အကြုံးဝင်ပါသည်။

၂။အဓိပ္ပါယ်ဖွင့်ဆိုချက်များ

GSMF စီမံကိန်းများတွင်"ကလေး"ဟူသော ဝေါဟာရသည် ကမ္ဘာ့ကုလသမဂ္ဂ၏ ကလေးသူငယ်အခွင့်အရေးဆိုင်ရာသဘောတူညီချက် (UNCRC) နှင့် အညီအသက်(၁၈)နှစ်အောက်ငယ်ရွယ်သူများ ကိုရည်ညွှန်းပါသည်။ မြန်မာဥပဒေတွင် အသက်(၁၆)နှစ်အောက် ငယ်ရွယ်သူများကို ကလေးဟုအဓိပ္ပါယ်ဖွင့်ဆိုကြောင်းကိုသိရှိသော်လည်း အဆိုပါသတ်မှတ်ချက်သည် ဥပဒေရေးရာများ နှင့်သာပိုမို သက်ဆိုင်ပါသည်။ CRC ကိုမြန်မာနိုင်ငံက ၁၉၉၁ ခုနှစ် တွင်လက်မှတ်ရေးထိုး ခဲ့ပါသည်။

**ကလေးသူငယ်များကိုညှင်းပန်းနှိပ်စက်ခြင်း/စော်ကားခြင်း** ဟုဆိုရာ တွင်ရုပ်ပိုင်းဆိုင်ရာ(သို့)ခံစားမှုပိုင်းဆိုင်ရာဘေးဥပဒ်ဖြစ်စေမှုအားလုံး၊လိင်ပိုင်းဆိုင်ရာစော်ကားခြင်း၊လျစ်လျူရှုခြင်း(သို့) လျစ်လျူရှုသောဆက်ဆံမှုများ(သို့) စီးပွားဖြစ်ရောင်းဝယ်ဖောက်ကားခြင်း(သို့) ကလေး၏ကျန်းမာရေးကို ထိခိုက်စေသော**(သို့)**ထိခိုက်ရန်အလားအလာရှိစေသော မတရားအမြတ်ထုတ်မှု၊ အသက်ရှင်သန်ရေး၊ ဖွံ့ဖြိုးရေး

(သို့) ဂုဏ်သိက္ခာတို့အတွက် တာဝန်သိသောဆက်ဆံခြင်းများ၊ ယုံကြည်မှုနှင့် လုပ်ပိုင်ခွင့်ပုံစံများ အားလုံးပါဝင်သည်။ (ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ ၁၉၉၉ခု နှစ်)

ကလေးသူငယ်တစ်ဦးအား ရုပ်ပိုင်းဆိုင်ရာ ညှင်းပန်းနှိပ်စက်ခြင်းဆိုသည်မှာ မတော်တဆမဟုတ်သည့် ထိခိုက်ဒဏ်ရာရရှိစေခြင်း သို့မဟုတ် မိဘ သို့မဟုတ် တာဝန်ရှိသူ၊ အာဏာရှိသူ၊ ယုံကြည်ခြင်းခံရသည့်အုပ်ထိန်းသူ၏လုပ်ပိုင်ခွင့်ဘောင် အတွင်း၌မပြုသင့်သည်ကိုပြုခြင်း သို့မဟုတ် ပြုသင့်သည်ကိုမပြုခြင်းကြောင့်ခန္ဓာ ကိုယ်တွင်ထိခိုက်နာကျင်စေသည့်သို့မဟုတ်ထိခိုက်နာကျင်စေနိုင်ရန်အလားအလာ ရှိသည့်ထိခိုက်ဒဏ်ရာရခြင်းကိုဆိုလိုသည်။ကလေးတစ်ဦးအားကာကွယ်ရန် တမင် ပျက်ကွက်ခြင်းသို့မဟုတ်လျစ်လျူရှုထားခြင်းလည်းပါဝင်သည်။ ဥပမာအားဖြင့်လှုပ် ခါခြင်း၊ ပြင်းထန်သောခွန်အားသုံးခြင်း၊ အစာမကျွေးခြင်း စသည်များလည်း ပါဝင် သည်။ (WHOမှကူးယူ သည်)

**လိင်ပိုင်းဆိုင်ရာစော်ကားမှု** - ဆိုသည်မှာ တစ်စုံတစ် ယောက်အတွက် လိင်ပိုင်းဆိုင်ရာသာယာမှု/ကျေနပ်မှုအတွက်အလိုဖြည့်ရန်သို့မဟုတ် စိတ်ဆန္ဒကို နှိုးဆွရန်ကလေးငယ်တစ်ဦးအား အသုံးပြုခြင်းဖြစ်သည်။ ကျူးလွန်သူသည် အရွယ်ရောက်ပြီးသူဖြစ်နိုင်သကဲ့သို့တာဝန်ရှိသူ၊ အာဏာရှိသူ၊ ယုံကြည်ခြင်းခံရသူ၊ အသက်ကြီးသူ၊အာဏာပိုကြီးသူကလေးတစ်ဦးလည်းဖြစ်နိုင်သည်။ လိင်အင်္ဂါကို ပွတ်သပ်ခြင်း၊ မအင်္ဂါကို ပြသစေခြင်း၊ လိင်ဆက်ဆံခြင်း၊ ခံတွင်းဖြင့်ဆက်ဆံခြင်း၊ စအိုတွင်းသို့ဆက်ဆံခြင်း၊အခြားသူများဆက်ဆံနေသည်ကို အတင်းအဓမ္မကြည့်ရှု စေခြင်း၊ သွေးသားရင်း အချင်းချင်းစပ်ယှက်ခြင်း၊ ညစ်ညမ်းအပြောကားများ ကြည့်ရှုစေခြင်း၊ပြည့်တန်ဆာလုပ်ရန်စေခိုင်းခြင်း၊ ညစ်ညမ်းအပြောကားများနှင့်ယင်း နှင့်ဆက်စပ်သောအရာများတွင် ပါဝင်သရုပ်ဆောင်စေခြင်းတို့ပါဝင်ပြီး ထိုထက် မကအခြားသောအပြုအမူများလည်းရှိနိုင်သေးသည်။ (WHOမှကူးယူသည်)

**လျစ်လျူရှုခြင်းနှင့်ပေါ့ဆခြင်း-** ဆိုသည်မှာကလေးအားကျန်းမာရေး၊ ပညာရေး၊ စိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးရေး၊ အာဟာရ၊ နေအိမ်၊ အသိဉာဏ်လှုံ့ဆော်မှု၊ အုပ်ထိန်းမှု၊ လုံခြုံသောဘဝနေထိုင်မှုစသည့်ဘက်ပေါင်းစုံမှဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးရန်ပျက်ကွက်ခြင်းဖြစ်သည်။ကလေး၏မိသားစု သို့မဟုတ် ကလေးအား ထိန်းသိမ်းစောင့်ရှောက်ထားသော အိမ်ထောင်စုတွင် ရရှိနိုင်သင့်သည့် အရင်းအမြစ်များသို့မဟုတ် ကလေး၏ကျန်းမာရေး၊ ရုပ်ပိုင်း/ စိတ်ပိုင်း/ စိတ်နလုံး၊ အကျင့်စာရိတ္တ သို့မဟုတ် လူမှုရေးရာဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်နစ်နာစေနိုင်သည့်အကြောင်းရင်းများသည် လျစ်လျူရှု ခြင်းပင်ဖြစ်ပြီးနည်းလမ်းတကျ အုပ်ထိန်းရန်နှင့် ဘေးအန္တရာယ်မှကာကွယ်ပေးရန်ပျက်ကွက်ခြင်းတို့လည်းပါဝင်သည်။ (WHOမှ ကူးယူ သည်)

**လုပ်အားခေါင်းပုံဖြတ်ခြင်း -** သည် စီးပွားရေးသို့မဟုတ် အခြားရည်ရွယ်ချက်ဖြင့် အလုပ်စေခိုင်းခြင်း သို့မဟုတ် အခြားသူများ အကျိုးစီးပွားဖြစ်စေခြင်းကိုဆိုလိုသည်။ ကလေးလုပ်သားနှင့် ကလေးပြည့်တန်ဆာအဖြစ်ခိုင်းစေခြင်းအပြင်အခြားပုံစံများလည်းရှိနိုင်သည်။ (WHO) သဘာဝအရဖြစ်စေ အခြေအနေအရဖြစ်စေ ကလေး၏ကျန်းမာရေး၊ဘေးကင်းလုံခြုံရေးနှင့် အကျင့်စာရိတ္တတို့ကို ထိခိုက်စေနိုင်သော မည်သည့်အလုပ်မဆို ကလေးလုပ်သားများအတွက်"အဆိုးဆုံးအလုပ်များ" ဟုယူဆသည် ။(ILOသဘောတူညီချက်၁၈၂၊၁၉၉၉)

**ခံစားမှုဆိုင်ရာသို့မဟုတ်စိတ်ပိုင်းဆိုင်ရာညှင်းပန်းနှိပ်စက်ခြင်း -** ဆိုသည်မှာ ကလေးအားဖွံ့ဖြိုးတိုးတက်မှုအတွက်သင့်လျော်၊အားပေးသည့်ပတ်ဝန်းကျင်ကောင်းကို ဖန်တီးမပေးနိုင်ခြင်းဖြစ်သည်။ သင့်လျော်သည့်ပတ်ဝန်းကျင်ဆိုရာတွင် ကလေးအား သူနေထိုင်သည့် လူမှုပတ်ဝန်းကျင်တွင်ဝင်ဆန့်စေရန် အထောက်အကူပြုမည့်တွယ်တာရသူ တစ်ဦးအမြဲတမ်းရှိနေပြီး ကလေး၏ကိုယ်ရည်ကိုယ်သွေးဆိုင်

ရာအလားအလာများနှင့် ဆက်စပ်နေသည့် တည်ငြိမ်ပြည့်ဝသော စိတ်ခံစားမှုနှင့် လူမှုရေးရာစွမ်းရည်များ ဖွံ့ဖြိုးလာရေးအတွက် အခြေခံလိုအပ်ချက် များကိုမဖြည့်ဆည်းနိုင်ခြင်းကိုဆိုလိုသည်။ ထို့ပြင်မိဘ သို့မဟုတ်တာဝန်ရှိသူ၊ ယုံကြည်ထားသူ သို့မဟုတ် ဩဇာရှိသူ၏လက်ထဲတွင် ကလေး၏ကျန်းမာရေး၊ရုပ်ပိုင်း၊ စိတ်ပိုင်း၊ ယုံကြည်မှု၊ အကျင့်စာရိတ္တနှင့် လူမှုရေးတို့ဖွံ့ဖြိုးတိုးတက်ရေးကို ထိခိုက်စေသော အပြုအမူများလည်းပါဝင်သည်။ တားမြစ်ပိတ်ပင်ခြင်း၊ သိမ်ငယ်စေခြင်းနှင့် သိက္ခာကျစေခြင်း၊ တန်ဆာခံလုပ်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ ခြောက်လှန့်ခြင်း၊ ခွဲခြားဆက်ဆံခြင်း၊ သရော်လှောင်ပြောင်ခြင်း/ ပြက်ရယ်ပြုခြင်း သို့မဟုတ် ရန်လိုခြင်း သို့မဟုတ်ငြင်းပယ်ခြင်းတို့လည်း ပါဝင်သည်။

## ၃။မူဝါဒ

GSMF ၏ စီမံကိန်း၊စီမံချက်နှင့်ဝန်ထမ်းများ၏ထိန်းသိမ်းစောင့် ရှောက်မှုအောက်တွင်ရှိသော ကလေးအားလုံးကိုပြုစုစောင့်ရှောက်ရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက်နည်းလမ်းပေါင်းစုံဖြင့် ထိရောက်စွာဆောင်ရွက်မည်။ ကလေးများအတွက် အကျိုးအရှိဆုံးဖြစ်စေပြီးဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကိုဖြည့်ဆည်းပေးနိုင်သည့် ဝန်းကျင်ကောင်းတစ်ခုကို ဖန်တီးပေးရန်နိုင်နိုင်မာမာ ဆုံးဖြတ်ထားသည်။ ကလေးသူငယ်ပြုစုစောင့်ရှောက်ရေးဆိုင်ရာအမြင့်ဆုံးစံနှုန်းများအတိုင်းကျင့်သုံးမည်ဖြစ်ပြီး ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂသဘောတူညီချက်စာချုပ် (CRC) နှင့်ပြည်တွင်းရှိ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဥပဒေများကိုစောင့်ထိန်းလိုက်နာမည်။ ဝန်ထမ်းများသည် ထိုစံနှုန်းများအတိုင်းတိကျစွာလိုက်နာရမည်ဖြစ်ပြီး ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာလုပ်ငန်းခွင်သင်တန်းများကို ပုံမှန်တက်ရောက်ရမည့်အပြင် ထိုစံနှုန်းများအတိုင်းလိုက်နာဆောင်ရွက်ခြင်းကို သေချာစေရန် စောင့်ကြပ်ကြည့်ရှုသည့် စနစ်တစ်ခုကိုလည်း စီမံကိန်းတိုင်းတွင်ထားရှိမည်။

**မူဝါဒ၏ရည်ရွယ်ချက်**

GSMF ၏ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးမူဝါဒ၏ ရည်ရွယ်ချက်မှာ အောက်ပါနည်းလမ်းကောင်းများကို ကျင့်သုံးလာစေရန်အားပေးလှုံ့ဆော်ရန်ဖြစ်သည်။

- လူငယ်များအားယင်းတို့၏ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုသည့်ပတ်ဝန်းကျင်ကောင်းတစ်ခု ဖန်တီးပေးရန်နှင့် ထိခိုက်နာကျင်စေခြင်းမှ ကာကွယ်ပေးရန်။
- ကာကွယ်စောင့်ရှောက်ရေးနှင့်သက်ဆိုင်သည့် ကိစ္စတိုင်းကို ကောင်းစွာသဘောပေါက်ပြီးထိရောက်စွာတုန့်ပြန်ဆောင်ရွက်နိုင်ရေးအတွက်ဝန်ထမ်းများနှင့်မိသားစုများအားပံ့ပိုးကူညီရန်။
- ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာများကိုအစဉ် ကောင်းစွာနားလည်သဘောပေါက်နေစေရန်။ဝန်ထမ်းနှင့် ကလေးအားလုံး၏ဘေးကင်းလုံခြုံရေးအတွက် GSMF ၏ စီမံအုပ်ချုပ်ရေးက ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးမူဝါဒကို (၅)နှစ်လျှင် တစ်ကြိမ်ပြန်လည်သုံးသပ်ခြင်းအားဖြင့်ပညာရေးနှင့် သတင်းအချက် အလက်မျှဝေမှုများကို ထိရောက်စေမည်။

**၄။အလေ့အကျင့်ကောင်းများကို အများသိစေခြင်းနှင့် လိုက်နာကျင့်သုံးရန်လမ်းညွှန်**

ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးကို နေထိုင်သည့်ပတ်ဝန်းကျင်ဘေးကင်းလုံခြုံမှု၊ နွေးထွေးသည့်ဆက်ဆံရေးနှင့်ကလေးများ၏ အသက်အရွယ်အလိုက်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို သိရှိနားလည်ခြင်းတို့ကအထောက်အကူပြုသည်။ ကလေးများကိုပြုစုစောင့်ရှောက်ရာတွင် အပြုသဘောမဆောင်သည့်အလေ့အကျင့်များကိုရှောင်ရန်လည်းလိုအပ်သည်။ ဤအမြင်ဖွင့်ခြင်း၌ မိသားစုပါဝင်ခြင်းသည်အလွန်တန်ဖိုးရှိပါသည်။ ၎င်းပြင် ကလေးသူငယ်များအ

တွက်စီမံချက်ပြင်ပပါတ်ဝန်းကျင်နှင့်အတွေ့အကြုံများ နားလည်သဘောပေါက်စေခြင်းသည်လည်းအရေးကြီးသည်။

GSMF ဝန်ထမ်းများအား ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာများကို အလုပ်စတင်ဝင်ရောက်ချိန်တွင် မိတ်ဆက်ရှင်းပြသည့်အပြင်ပုံမှန်လုပ်ငန်းခွင်သင်တန်းများကိုလည်းပို့ချသွားမည်။

ကလေးသူငယ်များပြုစုပျိုးထောင်ရေးနှင် ဖွံ့ဖြိုးရေးအစီအစဉ်၊ ပညာသင်ထောက်ပံ့ရေးအစီအစဉ်၊ ကလေးသူငယ်ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေး အစီအစဉ်များအပါအဝင်အခြေအနေအမျိုးမျိုးတွင် နှိပ်စက်ညှင်းပန်းမှုများဖြစ်နိုင်ကြောင်းအသိပညာပေး ဟောပြောခြင်းများကိုပြုလုပ်သည်။ ကလေးများနှင့်အမြဲထိတွေ့နေသော ဆရာ/မ သို့မဟုတ် စေတနာ့ဝန်ထမ်းသည် ကလေးများ၏ထိခိုက်လွယ်မှုနှင့်ဘေးမကင်းမှုများကို ရှာဖွေဖော်ထုတ်ရန်အတွက် အရေးပါသောကွင်းဆက်များဖြစ်နိုင်သည်။ GSMF သို့အသစ်ရောက်ရှိလာသော ကလေးသည် အဖွဲ့အစည်းပြင်ပတွင်ညှင်းပန်းနှိပ်စက်ခြင်းခံရလျှင် ထိုသို့သောအကြမ်းဖက်ခံရနိုင်သည့်အခြေအနေမျိုးအကြောင်းကလေးအား အသိပညာပေးခြင်း၊ မိမိကိုယ်မိမိလေးစားတန်ဖိုးထားမှုနှင့်ပြဿနာဖြေရှင်းနိုင်မှုစွမ်းရည် များတိုးတက်လာစေခြင်းတို့ကို GSMF က တက်ကြွစွာဆောင်ရွက်နိုင်သည်။ ထိုသို့သောအခြေအနေမျိုးတွင်ကလေးအတွက်လိုအပ်သော တရားဥပဒေဆိုင်ရာ၊ ကိုယ်ရေးကိုယ်တာနှင့်စိတ်ခံစားမှုဆိုင်ရာထောက်ပံ့ကူညီမှုများရရှိစေရန် GSMF သည်သင့်တော်သောအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မည်ဖြစ်ပြီးဖြစ်နိုင်လျှင် မိသားစုကိုလည်းပါဝင်ကူညီစေမည်။

ဝမ်းနည်းဖွယ်ကောင်းသည်မှာအချို့သူများသည် ဘေးဖြစ်စေသောအရာများကိုပြုရန်ရည်ရွယ်ချက်ဖြင့် လူငယ်များနှင့်ပူးပေါင်းခြင်းဖြစ်သည်။ ဝန်ထမ်းအား

လုံး(နှင့်စေတနာ့ဝန်ထမ်းများ)ကိုအလုပ်မခန့်မီကပင် ကောင်းစွာစီစစ်ရွေးချယ်သင့်သည်။သံသယဖြစ်ဖွယ်ကိစ္စအားလုံးကို အသိပေးတိုင်ကြားကာ ဤလမ်းညွှန်ပါအချက်များအတိုင်းလိုက်နာဆောင်ရွက်ရမည်ဖြစ်သည်။

ကလေးသူငယ်များကိုညှင်းပန်းနှိပ်စက်ခြင်းအထူးသဖြင့် လိင်ပိုင်းဆိုင်ရာညှင်းပန်းနှိပ်စက်ခြင်းများကိုကြုံတွေ့ရလျှင် ဝန်ထမ်းများသည် ခံစားချက်ပြင်းထန်လာလေ့ရှိသည်။ GSMF အနေဖြင့် ပွင့်လင်းသောဆက်ဆံရေးနှင့်ဝန်ထမ်းများ၏မိမိကိုယ်မိမိသိရှိနားလည်ခြင်းကိုအားပေးသည်။ ကိစ္စရပ်များကိုရှင်းလင်းကောင်းမွန်စွာဆုံးဖြတ်ကာ မူဝါဒအတိုင်းသင့်တော်သလို အရေးယူနိုင်အောင်ဆောင်ရွက်ရာတွင်ဝန်ထမ်းများသည် မိမိ၏ ခံစားချက်ကိုထိန်းချုပ်နိုင်ရမည်။ စီမံကိန်းကိုအလည်အပတ်လာသူ သာမက ကလေးများအားလည်းဝန်ထမ်းများနည်းတူမိမိ၏ခံစားချက်ကိုထိန်း ချုပ်နိုင်ရန်မျှော်လင့်သည်။ စီမံကိန်းကိုအလည်အပတ်လာသူအားစည်း မျဉ်းစည်းကမ်းများကိုအသိပေးထားရမည်။ အလည်အပတ်လာသူများကိုစီမံကိန်းအကြောင်း ရှင်းလင်းပြောပြရန် နှင့်ထိုအချက်အလက်များအား သဘောတူကြောင်း လက်မှတ်ထိုးရမည့် ပုံစံများကို နောက်ဆက်တွဲတွင် ဖော်ပြထားသည်။

## လက်တွေ့ကျင့်သုံးရန်လမ်းညွှန်ချက်

ကလေးများအတွက် ကောင်းကျိုးရှိအောင်ဆောင်ရွက်ရေး၊ ညှင်းပန်းနှိပ်စက်မှု/မတော်မတရားမှုများလျှော့ချရေးတို့အတွက် ဝန်ထမ်းများက စံနမူနာကောင်းအဖြစ်ပြုမူနေထိုင်ရမည်။

**ကောင်းသောအမူအကျင့်များ**

- ပွင့်လင်းသောပတ်ဝန်းကျင် - သီးခြားခွဲထားခြင်း သို့မဟုတ် စောင့်မကြည့်ဘဲထားခြင်းများကိုရှောင်ကြဉ်၍လျှို့ဝှက်မထားသော ဆက်သွယ်ရေးကိုအားပေးခြင်း
- လူငယ်များအတွက် အကောင်းဆုံး အကျိုးရှိစေရေးကို ဦးစားပေးခြင်း
- ကလေးနှင့်ပုဂ္ဂိုလ်ရေးအရအတွင်းကျကျရင်းနှီးခြင်းများကို ရှောင်ကြဉ်ခြင်း
- ကလေးများ၏ဖွံ့ဖြိုးရေးကို အဓိကထားလုပ်ဆောင်ခြင်း၊ ကလေး၏ရုပ်ပိုင်း၊စိတ်ပိုင်း၊စိတ်ခံစားမှုနှင့်လူမှုလိုအပ်ချက်များ အတွက်တစ်ကိုယ်ရေသန့်ရှင်းရေး၊ အာဟာရဖြစ်စေခြင်း၊ ပြဿနာဖြေရှင်းခြင်း၊ အာဏာပိုင်များအပြင်ဘဝတူများနှင့် ဆက်ဆံရေးတိုးတက်လာစေရေး၊ သိမ်ငယ်စိတ်ကင်း၍လူဝင်ဆန့်ရေး၊မိမိကိုယ်ကိုထိန်းချုပ်နိုင်ရေး၊ ကိုယ့်ကိုယ်ကိုယုံကြည်မှုရှိကြောင်းပြသနိုင်ရေးစသည့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်သောအစီအစဉ်များ ရေးဆွဲချမှတ်ရာတွင် ကလေးတစ်ဦး၏ ရုပ်ပိုင်း၊ စိတ်ပိုင်း၊ စိတ်ခံစားမှုနှင့် လူမှုရေးလိုအပ်ချက်များကို သိရှိထားခြင်းအားဖြင့်ပိုမိုကောင်းမွန်ပြည့်စုံအောင် ဆောင်ရွက်နိုင်သည်။ စီစဉ်ထားသောလှုပ်ရှားမှုများသည်အသက်အရွယ်နှင့် အညီပျော်ရွှင်ဖွယ်ကောင်းပြီး အားလုံးဝိုင်းဝန်းဆောင်ရွက်နိုင်ကာအကျပ်ကိုင်ခြင်း၊ဖိအားပေးခြင်းကင်းရှင်းရမည်။

- ▪ အပြန်အလှန်ယုံကြည်မှုအပေါ်အခြေခံသည့်မျှတသော ဆက်ဆံရေးကိုတည်ဆောက်ခြင်းဖြင့် ဆုံးဖြတ်ချက်ချခြင်းလုပ်ငန်းစဉ်တွင် ကလေးများအား ပါဝင်နိုင်အောင် စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်း။ အပြုသဘောဆောင်သည့်အပြောအဆိုနှင့် ဆက်ဆံရေးများဖြင့် စံပြဖြစ်စေခြင်း။
- ▪ ဖြစ်နိုင်လျှင် မိဘ/ အုပ်ထိန်းသူများကိုပါဝင်စေပြီး ကလေးများနှင့်ယင်းတို့၏အနာဂတ်အတွက်တာဝန်ယူမှုရှိစေရန်တွန်းအားပေးခြင်း။
- ▪ အပြုသဘောဖြင့်ဝေဖန်အကြံပြုကာပြစ်တင်ရှုံ့ချမှုများ နည်းပါးစေခြင်း။

- သက်တူရွယ်တူများအကြား၊ ကလေးနှင့် လူကြီးတို့အကြားဆက်ဆံရေး ကောင်းမွန်စေခြင်း။
- စီမံကိန်းတစ်ခုချင်းစီ၏အခြေအနေများနှင့်ကိုက်ညီစေရန်အရွယ်ရောက်ပြီး သူများ၏လုံလောက်သောကြီးကြပ်မှုရှိ စေခြင်း။
- အုပ်ထိန်းသူအဖြစ်တာဝန်ယူဆောင်ရွက်ရန်အတွက်မိဘများကသဘောတူ ညီခွင့်ပြုကြောင်းကို စာဖြင့်ရေးသားစေကာရယူထားခြင်း၊ သာမန်မဟုတ် သည့်ကိစ္စများတွင်လိုအပ်ပါကအရေးပေါ် သူနာပြုစုခြင်းနှင့်/သို့အခြားကုသ မှုပေးခြင်းတို့အတွက်မိဘ များ၏သဘောတူညီချက်ကိုရယူထားခြင်း
- ငယ်ရွယ်သူတစ်ဦးကြောင့်ဖြစ်သောတိုင်ကြားချက်သို့မဟုတ်ထိခိုက်ဒဏ်ရာ ရရှိမှုများကို မူဝါဒအရမှတ်တမ်းတင်ထိန်းသိမ်း ထားခြင်း

**ရှောင်ကြဉ်ရမည့်အမူအကျင့်များ**

- သွားလာပို့ဆောင်နေချိန်အပါအဝင် အခြားသူများနှင့်ခွဲထွက်ကာ ကလေး များနှင့်သီးခြားသွားလာနေထိုင်ခြင်း
- ကလေးများနှင့်ပုဂ္ဂိုလ်ရေးအရနှင့်/သို့လုပ်ငန်းနှင့်မသက်ဆိုင်သောဆက်ဆံ ရေးရှိခြင်း
- စီမံကိန်းလုပ်ငန်းနှင့်မသက်ဆိုင်ဘဲကလေးနှင့်ဆက်သွယ်နေခြင်း၊အကယ် ၍ထိုသို့သောဆက်ဆံရေးမျိုးရှိနေလျှင် (ဥပမာဝန်ထမ်းသည်ကလေးနှင့် ဆွေမျိုးတော်စပ်နေခြင်း) ထိုအကြောင်းကိုအထက်အရာရှိအား အသိပေး ထားရမည်။
- ကလေးနှင့်ကိုယ်ကာယပိုင်းဆိုင်ရာ ထိတွေ့မှုရှိခြင်း၊ မသင့်လျော်သည့်ထိ တွေ့ကိုင်တွယ်ခြင်း

ပြဿနာပေါ်လာခဲ့ပါက (ဥပမာ - ကလေးတွင်ဒဏ်ရာရှိနေပြီး ဆေးရုံသို့ ပို့ဆောင်ရန်လိုအပ်နေလျှင်)ရှောင်လွှဲမရသည့်အခြေအနေမျိုးဖြစ်ခဲ့ လျှင် **GSMF program coordinator** က ကောင်းစွာသိရှိကာ သဘောတူမှုဖြင့်သာလျှင် ထိုသို့ဆောင်ရွက်ခွင့်ရှိသည်။

**ချက်ချင်းရာထူးမှရပ်ထားခြင်းနှင့်စုံစမ်းစစ်ဆေးခြင်းအပါအဝင်ဝန်ထမ်းများအား စည်းကမ်းအရအရေးယူရမည့်အမူအကျင့်များ**

- ကြမ်းတမ်းသောရုပ်ပိုင်းသို့မဟုတ်လိင်ပိုင်းဆိုင်ရာနှိုးဆွသည့်အပြုအမူနှင့်/ သို့ ကစားနည်းများ
- ကလေးနှင့်တစ်ခန်းတည်းနေခြင်း/ဝန်ထမ်း၏အိမ်တွင်နေထိုင်ရန်ဖိတ်ခေါ် ခြင်း သို့မဟုတ်ခွင့်ပြုခြင်း
- မူးယစ်ဆေးဝါး/အရက်သေစာ/စီးကရက်သောက်သုံးခြင်းနှင့်လူငယ်များ၏ ရှေ့မှောက်တွင်အသုံးမပြုရန်ပိတ်ပင်တားမြစ်ထားသည့်သို့မဟုတ် အရွယ် ရောက်ပြီးသူများအတွက်သာဖြစ်သည့် အရာများကိုအသုံးပြုခြင်း
- မသင့်လျော်သည့် အပြောအဆိုများကို ကလေးများနှင့်အသုံးပြုခြင်း သို့မဟုတ် အသုံးပြုခွင့်ပေးခြင်း
- နောက်ပြောင်သည့် သဘောဖြင့်ဖြစ်စေကလေးများအား လိင်ပိုင်းဆိုင်ရာ အဓိပ္ပါယ်သက်ရောက်နိုင်သည့်မှတ်ချက်များပေးခြင်း
- ကိုယ်ရေးကိုယ်တာကိစ္စများတွင်ကလေးများကို အသုံးပြုစေခိုင်းခြင်း သို့မဟုတ် မိမိ၏အခိုင်းအစေအဖြစ်အခကြေးငွေပေး၍ခိုင်းစေခြင်း
- စီမံအုပ်ချုပ်ရေးပိုင်း၏ခွင့်ပြုချက်မရဘဲ ကလေးများအားပိုက်ဆံပေးခြင်း
- ကလေးများထံမှငွေ (သို့မဟုတ် အကျိုးအမြတ်တစ်စုံတစ်ရာ) ရယူခြင်း သို့မဟုတ် GSMF ကပေးသည့်ဝန်ဆောင်မှုအတွက်ငွေတောင်းခံခြင်း၊စီမံ

ကိန်းအုပ်ချုပ်ရေးပိုင်း၏ သဘောတူခွင့်ပြုချက်မပါဘဲ ငွေကြေး သို့မဟုတ် အခြားပုံစံဖြင့်ထည့်ဝင်ရန်တောင်းခံခြင်း

- ကလေး၏စွပ်စွဲချက်သို့မဟုတ်မြင်တွေ့လိုက်ရသည့်အဖြစ်အပျက်ကိုအရေးယူရန် သို့မဟုတ် မှတ်တမ်းတင်ရန်ပျက်ကွက်ခြင်း
- ကလေးများအကြားနိုင်ထက်စီးနင်းပြုသည့်အပြုအမူများကိုသည်းခံနေခြင်း
- မိမိအားကောင်းစွာလေ့ကျင့်ထားခြင်း/ ကြီးကြပ်ကွပ်ကဲခြင်း မရှိသည့် လုပ်ငန်းများတွင်ပါဝင်ဆောင်ရွက်ခြင်း
- လိင်ပိုင်းဆိုင်ရာနှိုးဆွနေသည်ဟု ယူဆနိုင်သော အဝတ်အစားများ ဝတ်ဆင်ခြင်း
- အမည်ခေါ်ခြင်း၊ ရိုင်းစိုင်းယုတ်နိမ့်စွာပြောဆိုခြင်း၊ အရှက်ခွဲခြင်း၊ နှုတ်ဖြင့် သို့မဟုတ် ရိုက်နှက်၍အပြစ်ဒဏ်ပေးခြင်း
- ကလေးတစ်ဦးအားနောက်ပြောင်ခြင်း၊ရယ်သွမ်းသွေးခြင်း
- ညစ်ညမ်းသည်ဟုယူဆနိုင်သော၊လိင်ကိစ္စကိုအသားပေးဖော်ပြထားသော၊ ကလေးများကမလျော်မကန်သရုပ်ဆောင်ထားသောအရာများကို GSMF ပစ္စည်းများကိုအသုံးပြု၍ (သို့မဟုတ်ဝန်ထမ်း၏ ကိုယ်ပိုင်ပစ္စည်းများကို အသုံးပြု၍ စီမံကိန်းအတွင်း သို့မဟုတ် မည်သည့်နေရာတွင်မဆိုကလေးများနှင့်) ကြည့်ရှုခြင်း

**ကလေးအချင်းချင်းအနိုင်ကျင့်ခြင်း (နှုတ်ဖြင့်ဖြစ်စေ၊ရုပ်ပိုင်းဆိုင်ရာအရဖြစ်စေထိပါးနှောင့်ယှက်ခြင်းသို့မဟုတ်မလျော်မကန်ဆက်ဆံခြင်း)**

ကလေးအချင်းချင်းအနိုင်ကျင့်ခြင်းများတိုးပွားလာနေပြီးအရေးယူဆောင်ရွက်ရန်လိုအပ်နေသည်။

- အနိုင်ကျင့်သည့်လက္ခဏာအားလုံးကိုအလေးထားပါ
- ကလေးများအား ဖွင့်ဟပြောဆိုရန်နှင့် စိုးရိမ်ပူပန်မှုများကို မျှဝေရန်တိုက်တွန်းအားပေးပါ။(အနိုင်ကျင့်ခံရခြင်းသည် ကလေးတစ်ဦးအား မိမိကိုယ်ကိုသတ်သေသည်အထိအန္တရာယ်ဖြစ်စေနိုင်သည်) အနိုင်ကျင့်ခံရသူအား ဖွင့်ဟပြောဆိုရန်နှင့်တာဝန်ရှိသူ သို့မဟုတ် အခွင့်အာဏာရှိသူတစ်ဦးအားပြောပြရန်ကူညီပါ။
- စွပ်စွဲမှုအားလုံးကို စုံစမ်းစစ်ဆေးပြီး အနိုင်ကျင့်ခံရသူ ဘေးကင်းရေးအတွက်အရေးယူဆောင်ရွက်ပါ။ အနိုင်ကျင့်ခံရသူနှင့်စွပ်စွဲခံရသူတို့ကိုသီးခြားစီစကားပြောပါ။
- အခြားသူများကိုပြောပြရန်အတွက်ကတိမပေးနိုင်သော်လည်းအနိုင်ကျင့်ခံရသူအားသင့်ကိုယုံကြည်နိုင်ကြောင်း၊သင်ကူညီမည်ဖြစ်ကြောင်းပြောပြပါ။
- ပြောဆိုသည်များ(အဖြစ်အပျက်၊ ပြုလုပ်ဖန်တီးသူ၊ နေ့ရက် အချိန် အပြင် မှတ်တမ်းတင်သည့် ရက်စွဲ၊ လက်မှတ်တို့ပါဝင်ပါစေ) ကိုမှတ်တမ်းတင်ကာလျှို့ဝှက်သိမ်းဆည်းထားပါ။
- စိုးရိမ်ဖွယ်ရာရှိလျှင် GSMF စီမံကိန်းတာဝန်ခံနှင့် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးကော်မတီထံသတင်းပို့အသိပေးပါ။

## မိမိကိုယ်ကိုထိခိုက်နာကျင်စေခြင်း

နှိပ်စက်ညှင်းပန်းခြင်းနှင့်/သို့ စိတ်ဒဏ်ရာရရှိခြင်းတို့ကြောင့် ဒုက္ခခံစားနေရသောကလေးများတွင်အဖျက်သဘောဆောင်သည့်အပြုအမူ(ကိုယ့်ကိုယ်ကိုကိုယ်လက်အင်္ဂါချို့ယွင်းအောင်ပြုခြင်းသို့မဟုတ်သတ်သေခြင်းစသည်)များရှိနေနိုင်သည် ဝန်ထမ်းများသည်ရုပ်ပိုင်းဆိုင်ရာအနာတရဖြစ်စေခြင်းနှင့်စိတ်ကျခြင်းလက္ခဏာများကိုသတိထားရမည်။ ကိုယ့်ကိုယ်ကို ထိခိုက်နာကျင်အောင်ပြုမည်ကိုစိုးရိမ်ရလျှင် GSMF စီမံကိန်းတာဝန်ခံ/ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးကော်မတီ သို့

မဟုတ် ထိုအချိန်တွင် တာဝန်ရှိသူထံသတင်းပို့ရမည်။ မိသားစုနှင့်ဆက်သွယ်ရန် သို့မဟုတ် စိတ်ကျန်းမာရေးဝန်ဆောင်မှုပေးသူများထံညွှန်းပို့ရန် အပါအဝင်အရေး ယူဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာကျွမ်းကျင်သူ ဝန်ထမ်းကအစီအစဉ် ရေးဆွဲရမည်။

## မီဒီယာ၊အင်တာနက်၊လူမှုကွန်ရက်စသည်များနှင့်သက်ဆိုင်သည့်ဘေးကင်းသော အမူအကျင့်များ

- ကလေးများ၏ ဓာတ်ပုံနှင့်အမည်များကို ကလေးနှင့်ကလေး၏ မိဘ/အုပ်ထိန်းသူများ၏သဘောတူညီချက်မပါဘဲ အများပြည်သူအတွက်ထုတ်ဝေမှုများတွင်မဖော်ပြရ။ ဝန်ထမ်းတို့၏ကိုယ်ပိုင်ဖုံး၊ ကွန်ပျူတာစသည်များတွင် ကလေးတို့၏ဓာတ်ပုံများကိုသိမ်းဆည်းမထားရ။ ဓာတ်ပုံနှင့်အမည်များကို စီမံကိန်းလုပ်ငန်းများတွင်အသုံးပြုလိုလျှင်မိဘ၏သဘောတူခွင့်ပြုချက်ကိုရယူရမည်။
- ဝန်ထမ်းများသည် ကလေးများ၏ ဓာတ်ပုံနှင့်ကိုယ်ရေး အချက်အလက်များကိုအင်တာနက် သို့မဟုတ် လူမှုကွန်ရက်များအပါအဝင် စီမံကိန်းပြင်ပသို့ မပေးရ။
- ဝန်ထမ်းများသည် GSMF ၏ပစ္စည်းကိရိယာများ(သို့မဟုတ် ကိုယ်ပိုင်ဖြစ်စေ၊စီမံကိန်းတွင်းတွင်ဖြစ်စေ၊ပြင်ပတွင်ဖြစ်စေ)ကိုအသုံးပြု၍ ညစ်ညမ်းသည်ဟုယူဆနိုင်သော၊လိင်စိတ်ကိုနှိုးဆွနိုင်သောရုပ်ပုံနှင့်/သို့ကလေးများ မလျော်မကန်သရုပ်ဆောင်ထားသောအရာများကိုရယူအသုံးပြုခြင်းမပြုရ။
- ဝန်ထမ်းများသည် GSMF ၏တာဝန်ရှိမှုနှင့်တိုက်ရိုက်သက်ဆိုင်ပြီး အထက်အရာရှိကသိရှိပြီးဖြစ်သော ကိစ္စများမှအပ ကလေးများနှင့် တစ်ဦးချင်းဆက်သွယ်၍ တယ်လီဖုန်းမှစာတိုပေးပို့ခြင်း၊ တိုက်ရိုက်စာပို့ခြင်း၊ ချက်တင်လုပ်ခြင်း(အင်တာနက်မှစကားပြောခြင်း) များမပြုရ။

- ဝန်ထမ်းများသည်မိမိ၏ ကိုယ်ပိုင်လူမှုကွန်ရက်များကို ကလေးများသို့ မျှဝေခြင်းမပြုရ။
- ကလေးတစ်ဦးက မိမိအား ဆက်သွယ်ရန်ကြိုးစားနေသည်ဟု ယူဆပါက စီမံကိန်းတာဝန်ခံသို့ချက်ချင်းသတင်းပို့ရမည်။
- ကလေးများထံ email ပို့ရန် လိုအပ်ပါကစီမံကိန်းအတွင်းရှိ အခြား တာဝန်ရှိသူတစ်ဦးထံအစဉ်မိတ္တူပေးပို့ရမည်။

## ၅။ဝန်ထမ်းသစ်ခေါ် ယူခန့်ထားခြင်း

ကလေးများနှင့်အတူရှိရန် မသင့်တော်သည့်သူများကို ကလေးများနှင့်အလုပ်လုပ်ခြင်းမရှိစေရန် GSMF ကဘက်ပေါင်းစုံမှကာကွယ်မည်။ ယခင်ကနိုပ်စက်ညှင်းပန်းမှုဖြင့်အရေးယူပြစ်ဒဏ်ချမှတ်ခြင်းခံရသူများအား ကလေးများနှင့် အလုပ်လုပ်ခြင်းမှ အလိုအလျောက်ဖယ်ရှားမည်။ ဂန်ထမ်းကြိုတင်ရွေးချယ်ရေးအတွက်အလုပ်လျှောက်ထားသူကအောက်ပါ အချက်အလက်များကိုပေးပို့ရမည်။

- ပြည့်စုံသောအလုပ်လျှောက်လွှာ - လျှောက်ထားသူ၏အတိတ်ကို ဖော်ပြရမည်ဖြစ်ပြီး ရာဇဝတ်မှုရှိခဲ့ဖူးလျှင်ထည့်သွင်းဖော်ပြရမည်။ အလုပ်လျှောက်ထားသူသည်ပြစ်မှု ကျူးလွန်ဖူးခြင်းရှိမရှိ GSMF ကစုံစမ်းခြင်းသို့မဟုတ် အချက်အလက်များမှန်ကန်ခြင်းရှိမရှိကို အစိုးရဌာနတစ်ခုကစစ်ဆေးခြင်း များကိုသဘောတူခွင့်ပြုရမည်။
- ကလေးများနှင့်အလုပ်လုပ်ဖူးကြောင်းဖော်ပြထားသည့်စာတစ်စောင်အပါအဝင် လျှို့ဝှက်ထောက်ခံစာ(၂)စောင် ထိုစာများတွင် တယ်လီဖုန်းနှင့်/ သို့ ပုဂ္ဂိုလ်ရေးဆက်သွယ်ရန်များကိုဖော်ပြထားရမည်။
- သက်သေခံအထောက်အထားနှင့် လိပ်စာ (ဥပမာ - နိုင်ငံသားစိစစ်ရေးကပ်ပြား၊ဖုန်းနံပါတ်)
- အဖွဲ့အစည်း၏လုပ်ထုံးလုပ်နည်းအရလူတွေ့မေးမြန်းခြင်း

- လျှောက်ထားသူသည်လုပ်ငန်းတာဝန်များကိုကောင်းစွာနားလည်သဘော ပေါက်ခြင်းရှိ-မရှိသေချာစေခြင်း
- လျှောက်လွှာသည်ပြီးပြည့်စုံခြင်းရှိမရှိ(ပြစ်မှုမှတ်တမ်းနှင့် ကိုယ်တိုင်ဖွင့်ဟ ဝန်ခံချက်များအပါအဝင်)စစ်ဆေးခြင်းနှင့်လျှောက်ထားသူ၏အရည်အချင်း စစ်မှန်မှုကို ဆန်းစစ်ခြင်းအကယ်၍အထက်ပါအဆင့် အားလုံးကိုမဆောင် ရွက်နိုင်ခဲ့လျှင် လူတွေ့မေးမြန်းရန်ခန့်ထားသည့် တာဝန်ခံသည်မည်သည့် အဆင့်များကိုပြီးစီးခဲ့ကြောင်းနှင့် အဘယ်ကြောင့် အပြည့်အစုံမဆောင် ရွက်နိုင်ခဲ့ကြောင်းကိုမှတ်တမ်းတင်ထားလိမ့်မည်။
- အလုပ်လိုအပ်ချက်နှင့် တာဝန်အားလုံးကိုဆန်းစစ်ပြီး အလွယ်တကူနား လည်နိုင်အောင်ရှင်းလင်းဖော်ပြခြင်း
- ဝန်ထမ်းသစ်များအားလုံးသည်ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး မူဝါဒပါဝင်သည့် အလုပ်သဘောတူစာချုပ်ကိုလက်မှတ်ထိုးခြင်း
- လုပ်ငန်းတာဝန်များနှင့်အစမ်းခန့်ထားခြင်းဆိုင်ရာသဘော တူစာချုပ်ကို လက်မှတ်ထိုးခြင်း လျှောက်ထားသူ၏စာရွက်စာတန်း အားလုံးကိုဖိုင်တွဲ သိမ်းဆည်းထားမည်။ ယင်းတို့သည် GSMF ၏ပိုင်ဆိုင်မှုဖြစ်သည်။

## ၆။လျှို့ဝှက်ထိန်းသိမ်းမှု

ကလေးများ၊ မိသားစုများနှင့် ဝန်ထမ်းများ၏ သတင်းအချက်အလက်များ ကိုလျှို့ဝှက်**ထိ**န်းသိမ်းထားမှုသည် လုပ်ငန်းဆိုင်ရာကျင့်ဝတ်နှင့် ကလေး သူငယ်ကာကွယ်စောင့်ရှောက်ရေး မူဝါဒ၏ အခြေခံအုတ်မြစ်ဖြစ်ပါသည်။ အရေးကိစ္စအမျိုးမျိုးအတွက် ယင်း**တို့**ကိုထိန်းသိမ်းထားမည်။ လိုအပ်ချက် အရသာလျှင်သတင်းအချက်အလက်များကိုကိုင်တွယ်ပြီးဖြန့်ဝေမည်ဖြစ်ပြီး အောက်ပါ ပုဂ္ဂိုလ်များပါဝင်မည်ဖြစ်သည်

- သက်ဆိုင်ရာ GSMF စီမံကိန်းတာဝန်ခံ
- GSMF ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးကော်မတီ

- ညှင်းပန်းနှိပ်စက်ခြင်းခံရသူဟု စွပ်စွဲခံရသော**ကလေး**၏ မိဘ/ အုပ်ထိန်းသူများ
- စွပ်စွဲသူ
- **တာဝန်ရှိရဲတပ်ဖွဲ့ဝင်၊မြန်မာနိုင်ငံ** ကလေးသူငယ် **ကာကွယ်စောင့်ရှောက်ရေး**နှင့်ကျန်းမာရေးဝန်ထမ်း၊ပညာရေးဝန်ထမ်းစသည့် **သက်ဆိုင်ရာ**ဌာနဆိုင်ရာဝန်ထမ်းများ

နှိပ်စက်ညှင်းပန်းသူဟုစွပ်စွဲခံရသူသည်မိဘ/အုပ်ထိန်းသူဖြစ်ပါက GSMF စီမံကိန်းတာဝန်ခံနှင့် GSMF ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးကော်မတီဝင်တို့နှင့် ဆွေးနွေးအကြံပြုချက်ဖြင့်စွပ်စွဲခံရသူအားချဉ်းကပ်ရမည့်အစီအစဉ်ကိုအသိပေးခြင်း

ထိုအချက်အလက်များကို သတင်းအချက်အလက် ကာကွယ်ရေးဥပဒေများ (ဥပမာအချက်အလက်များသည်တိကျရမည်။ ပုံမှန်ဆန်းစစ်ကာ အချိန်နှင့် တပြေးညီဖြစ်စေရမည်။ သက်ဆိုင်မှုရှိပြီး လုံခြုံစိတ်ချရမည်) နှင့်အညီလုံခြုံစိတ်ချရသည့်နေရာတွင်သိမ်းဆည်းထားပြီးသတ်မှတ်ထားသည့်သူများသာ အချက်အလက်များ ရယူနိုင်သည်။

ဝန်ထမ်းများအားပုံမှန် သင်တန်းပေးရာတွင် အောက်ပါတို့ ရှင်းရှင်းလင်းလင်း ပါဝင်မည် -

ကလေးနှင့်မိသားစုတို့အကြောင်းကို အများပြည်သူ ရှေ့တွင်ပြောဆိုခြင်း သို့မဟုတ် တရားဝင်မဟုတ်သည့် အချိန်နှင့် နေရာများတွင်ပြောကြားခြင်းကို ပိတ်ပင်ထားမြစ်သည်။ ထိုကိစ္စများကိုဝန်ထမ်းသည် စီမံကိန်းတာဝန်ခံ သို့မဟုတ် သင့်လျော်သည့်ဝန်ထမ်း အစည်းအဝေး အချိန်/နေရာတွင်သာလျှင်ဆွေးနွေးမည်။

- ဝန်ထမ်းသည်လျှို့ဝှက်ချက်များကိုထိန်းသိမ်းထားမည့်အကြောင်းကလေးများအားမည်သည့်အခါမျှ ကတိမပေးရ၊ အန္တရာယ်ကျရောက်နိုင်သည်ဟု ယူဆလျှင်ကလေးကိုကာကွယ်ရန်အတွက် သတင်းအချက်အလက်များကို သင့်လျော်သည့်တာဝန်ရှိသူများအားအသိပေးမည့်အကြောင်းရှင်းပြရမည်။

## ၇။သတင်းပို့/တိုင်ကြားပြီး မှတ်တမ်းတင်ထားရမည့်ဖြစ်ရပ်များနှင့် သက်ဆိုင်သည့် အရေးယူဆောင်ရွက်မှုများသို့မဟုတ်စွပ်စွဲမှုများ

GSMF ဝန်ထမ်းများတွင်နိုင်ငံတကာ လူ့အခွင့်အရေး၊ မြန်မာကလေးသူငယ်ဥပဒေနှင့် GSMF ၏ ထိခိုက်လွယ်သောကလေးများအား ကာကွယ်စောင့်ရှောက်ရေးမူဝါဒတို့အရ တာဝန်ရှိသည်။မည်သည့်စိုးရိမ်စရာကိစ္စကိုမဆို သင့်လျော်သည့်ပုဂ္ဂိုလ်(ဝန်ထမ်း၏တိုက်ရိုက်တာဝန်ခံနှင့်/သို့ GSMF ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးကော်မတီ)သို့သတင်းပို့တိုင်ကြားရန်မှာ GSMF တွင်အလုပ်လုပ်သူအားလုံး၏တာဝန်ဖြစ်သည်။ ထိုတာဝန်ရှိသူသည် စီမံကိန်းအတွင်းဖြစ်စေ၊ သက်ဆိုင်ရာဌာနများနှင့်ဖြစ်စေ လိုအပ်လျှင်ဆွေးနွေးပြီးဖြစ်ရပ်၏ သဘာဝ နှင့် မည်သို့အရေးယူဆောင်ရွက်သင့်သည်ကို ဆုံးဖြတ်ရန်တာဝန်ရှိသည်။ ဝန်ထမ်းအားလုံးတွင်အောက်ပါသတင်းပို့တိုင်ကြားရေးမူဝါဒကို လိုက်နာရန်တာဝန်ရှိသည်။ ပထမဦးစားပေးမှာကလေး၏ဘေးကင်းလုံခြုံရေးနှင့် ဘဝဖူလုံရေးဖြစ်ပြီးဘေးမကင်းသောနေရာတွင် မည်သည့်ကလေးကိုမျှရှိမနေစေရ။ ဝန်ထမ်းတို့တွင်မေးခွန်းထုတ်လိုသည်များရှိလျှင် စီမံကိန်းတာဝန်ခံသို့မဟုတ် GSMF ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးကော်မတီနှင့် ဆွေးနွေးတိုင်ပင်နိုင်သည်။ အောက်ပါကိစ္စများဖြစ်ပျက်ခဲ့လျှင်ဝန်ထမ်းသည်စီမံကိန်း၏ တာဝန်ခံထံ ချက်ချင်းသတင်းပို့ရမည်။ မိဘများထံအမြန်ဆုံးသတင်းပို့အသိပေးရန်လည်းအရေးကြီးသည်။

**အမျိုးအစား(က)အထူးစိုးရိမ်ဖွယ်ရာဖြစ်သော (အရေးတကြီး/အလျင်လိုသော) ဖြစ်ရပ်များနှင့်တိုင်ကြားချက်များ**

- သေရေးရှင်ရေးတမျှခြိမ်းခြောက်သောဖြစ်ရပ်များ၊အရေးကြီးပြီးကလေးတို့၏ကျန်းမာရေးနှင့်ဘဝဖူလုံရေးအတွက်အန္တရာယ်ပေးနိုင်သည့်ဖြစ်ရပ်များ၊ ကလေး၏နေ့စဉ်ဘဝကိုထိခိုက်လောက်သည့်ဒဏ်ရာအနာတရဖြစ်မှု၊လိင်ပိုင်းဆိုင်ရာစော်ကားခံရသည်ဟုတိုင်ကြားလာခြင်းတို့ပါဝင်သည်။
- ထိုဖြစ်ရပ်များကို GSMF စီမံကိန်းတာဝန်ခံသို့မဟုတ် GSMF ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးကော်မတီသို့ချက်ချင်း တိုင်ကြားရမည်ဖြစ်ပြီး သင့်လျော်သည့် တုန့်ပြန်အရေးယူမှုနှင့်ညွှန်းပို့မှုများကိုဆုံးဖြတ်ဆောင်ရွက်ရမည်။
- ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဖြစ်ရပ်တိုင်ကြားမှုကိုပထမဆုံးသိရှိတိုင်ကြားသူနှင့်ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးအရာရှိသို့မဟုတ်အုပ်ချုပ်ရေးမှူးတို့ကနေ့ချင်းအစီရင်ခံရမည်။အစီရင်ခံစာတွင်ဆောင်ရွက်ပြီးစီးခဲ့သည်များ၊ နောက်ဆက်တွဲဆောင်ရွက်ရန် လိုအပ်ချက်များ၊ ဆောင်ရွက်သူနှင့် ဆောင်ရွက်ချိန်များကိုပါထည့်သွင်း ရေးသားရမည်။ ထို့ပြင်ဖြစ်ရပ်နှင့်တိုင်ကြားမှုတွင် ပါဝင်ပတ်သက်သည့် အခြားအဖွဲ့အစည်းများ (ဆေးရုံ၊ ဆေးခန်း၊ ရဲ၊ ကလေးသူငယ်ဘဝဖူလုံရေး စသည်များ) ၏သတင်းအချက်အလက်များကိုလည်း အတိအကျထည့်သွင်းဖော်ပြရမည်။ သတင်းအချက်အလက်အားလုံးကို ကလေး၏ မိဘနှင့်တာဝန်ယူစောင့်ရှောက်ထားသူများအားလည်း ဝေမျှရမည်။ ကလေး၏မိဘနှင့်တာဝန်ယူစောင့်ရှောက်ထားသူများက ညှင်းပန်းနှိပ်စက်မှုပြုသည်ဟုယူဆရလျှင် စီမံကိန်းတာဝန်ခံနှင့်ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး ကော်မတီမည်သို့ ဆက်သွယ်ကာ သင့်လျော်သည့်သတင်း အချက်အလက်များကိုမျှဝေပေးပြီးမည်သို့အရေးယူသင့်သည်ကိုဆုံးဖြတ်မည်။

**အမျိုးအစား (ခ) အလျင်မလိုသည့်ဖြစ်ရပ်များနှင့်တိုင်ကြားချက်များ**

- ဤအမျိုးအစားတွင်ခန္ဓာကိုယ်တွင်ပွန်းပဲ့ဒဏ်ရာရခြင်း သို့မဟုတ် ထိခိုက်ဒဏ်ရာရခြင်း၊ မလျော်ကန်သောအပြုအမူ သို့မဟုတ် ကလေး၏အပြုအမူရုတ်တရက်သိသာစွာပြောင်းလဲသွားခြင်း စသည့်လက္ခဏာများ ပါဝင်ပြီး အထက်ပါအချက်များကိုတွေ့ရှိရလျှင်/ ထပ်ခါထပ်ခါကြုံရလျှင် ဝန်ထမ်းများအနေဖြင့်သတိပြုရမည်။
- ထိုဖြစ်ရပ်များကို GSMF စီမံကိန်းတာဝန်ခံနှင့် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးကော်မတီသို့ အချိန်မီအစီရင်ခံပြီးသင့်တော်သည့် အရေးယူမှုကိုရွေးချယ်ဆုံးဖြတ်ရမည်။ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဖြစ်ရပ်ကိုပထမအကြိမ်သတင်းပို့သူက(၃)ရက်အတွင်းအစီရင်ခံရမည်။
- အစီရင်ခံစာတွင်ဆောင်ရွက်ပြီးစီးခဲ့သည်များ၊ နောက်ဆက်တွဲဆောင်ရွက်ရန်လိုအပ်ချက်များ၊ဆောင်ရွက်သူနှင့်ဆောင်ရွက်ချိန်များကိုပါ ထည့်သွင်းရေးသားရမည်။ထို့အပြင်ဖြစ်ရပ်နှင့်တိုင်ကြားမှုတွင် ပါဝင်ပတ်သက်သည့် အခြားအဖွဲ့အစည်းများ(ဆေးရုံ၊ ဆေးခန်း၊ ရဲ၊ ကလေးသူငယ်ဘဝဖူလုံရေး စသည်များ) ၏သတင်းအချက်အလက်များကိုလည်းအတိအကျထည့်သွင်းဖော်ပြရမည်။
- သတင်းအချက်အလက်အားလုံးကို ကလေး၏ မိဘနှင့်တာဝန်ယူစောင့်ရှောက်ထားသူများအားလည်းဝေမျှရမည်။ ကလေး၏မိဘနှင့် တာဝန်ယူစောင့်ရှောက်ထားသူများက ညှင်းပန်းနှိပ်စက်မှုပြုသည်ဟု ယူဆရလျှင် စီမံကိန်းတာဝန်ခံနှင့် GSMF ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးကော်မတီက မည်သို့ဆက်သွယ်ကာသင့်လျော်သည့် သတင်းအချက်အလက်များကိုမျှဝေပေးပြီးမည်သို့အရေးယူသင့်သည်ကိုဆုံးဖြတ်မည်။

**အမျိုးအစား(ဂ)စီမံကိန်းအတွင်းသံသယရှိသူသို့မဟုတ်ကျူးလွန်သူဟုစွပ်စွဲခံရသူ**

စီမံကိန်းအတွင်း ညှင်းပန်းနှိပ်စက်မှု/ လျစ်လျူရှုမှု စသည့်စိုးရိမ်ဖွယ်ရာအားလုံးကို တုံ့ပြန်သည့်အနေဖြင့် GSMF စီမံကိန်းတာဝန်ခံနှင့်ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးကော်မတီသို့ အစီရင်ခံရန် GSMF တွင်အလုပ်လုပ်နေသူများတွင်တာဝန်ရှိသည်။ ထိုတာဝန်ရှိသူများသည်ပြဿနာဖြစ်နေသည့် ကလေးနှင့်ဘေးအန္တရာယ်ရှိနိုင်သည့်ကလေးအားလုံး၏ ဘေးကင်းလုံခြုံရေးအတွက်လိုအပ်သည်များကို စဉ်းစားဆင်ခြင်ကာဆောင်ရွက်ရန်တာဝန်ရှိသည်။ ယင်းတို့သည်အစီရင်ခံစာကို လေ့လာသုံးသပ်ကာ စီမံကိန်းအတွင်းဖြစ်စေ၊ သက်ဆိုင်သောဌာနဆိုင်ရာများနှင့်ချိတ်ဆက်၍ဖြစ်စေ မည်သို့အရေးယူ ဆောင်ရွက်သင့်သည်ကိုဆုံးဖြတ်လိမ့်မည်

မည်သည့်သံသယ သို့မဟုတ် စွပ်စွဲချက်မဆိုဝန်ထမ်းတစ်ဦးအား စုံစမ်းစစ်ဆေးရန်အတွက် အလုပ်တာဝန်မှ ရပ်ဆိုင်းခွင့်ရှိသည်။ ဝန်ထမ်းတစ်ဦးအားတိုင်ကြားမှုရှိလာပြီဆိုလျှင်ပြည်တွင်းရှိသက်ဆိုင်ရာ ဥပဒေကြောင်းအရ စုံစမ်းစစ်ဆေးခြင်းရှိ နိုင်သည်။ လုပ်ဖော်ကိုင်ဖက်တစ်ဦးက ကလေးတစ်ဦးကိုစော်ကားကြောင်းသို့မဟုတ် စော်ကားသည်ဟုသံသယရှိကြောင်းကို သဘောရိုးဖြင့်အစီရင်ခံလာသူအား GSMF ကအပြည့်အဝပံ့ပိုးကာကွယ်ပေးမည်။

GSMF စီမံကိန်းတာဝန်ခံနှင့်ကလေးသူငယ်ကာကွယ်စောင့် ရှောက်ရေးကော်မတီတို့သည်အချင်းချင်းတိုင်ပင်ဆွေးနွေးကာ သံသယဖြစ်ခံရသူနှင့်/ သို့စွပ်စွဲခံရသူအားယာယီရာထူးချထားကာ ရဲဌာနနှင့် တိုင်းဒေသကြီးလူမှုဝန်ထမ်းရုံးတို့မှစစ်ဆေးပြီးသည်အထိ ဆိုင်းငံ့ထားသင့်ကြောင်းကို အမြန်ဆုံးဆုံးဖြတ်ရမည်။

သက်ဆိုင်ရာ လူမှုဂန်ထမ်းရုံးနှင့်ရဲဌာနတို့၏ စုံစမ်းစစ်ဆေးမှုမှ တွေ့ရှိချက်များနှင့် မသက်ဆိုင်ဘဲ GSMF စီမံကိန်းတာဝန်ခံ/ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးကော်မတီတို့သည် ဝန်ထမ်း သို့မဟုတ် စေတနာ့ဝန်ထမ်းအား အလုပ်ဆက်ခန့်ထားရန်သင့်မသင့်ကိုဆုံးဖြတ်ရန်ကိစ္စတစ်ခုချင်းကိုလေ့လာဆန်းစစ်မည်။ ရဲများက အရေးယူနိုင်လောက်သော အထောက်အထား အခိုင်အမာမတွေ့လျှင်ဆုံးဖြတ်ချက်ချရန်ခဲယဉ်းမည်။ ထိုကိစ္စမျိုးတွင် GSMF သည်ကလေး၏ဘဝအတွက် ဦးစားပေးစဉ်းစားပြီးရနိုင်မျှ သတင်းအချက်အလက်အပေါ် အခြေခံကာ ဆုံးဖြတ်ရမည်သာဖြစ်သည်။

ဝန်ထမ်းတစ်ဦးအပေါ် တိုင်ကြားချက်ရှိလာပြီဆိုပါကစုံစမ်းစစ်ဆေးမှု(၃)မျိုးပြုလုပ်နိုင်သည် -

- ပြစ်မှုဆိုင်ရာစုံစမ်းစစ်ဆေးခြင်း
- ကလေးသူငယ်ကာကွယ်စောင့်ရှောက်မှုဆိုင်ရာစုံစမ်းစစ်ဆေးခြင်း
- စည်းကမ်းထိန်းသိမ်းရေးအရ သို့မဟုတ် လက်မခံနိုင်သော အပြုအမူကို စုံစမ်းစစ်ဆေးခြင်း

စီမံကိန်းအတွင်းပြင်းထန်သည့်စွပ်စွဲမှုနှင့်စပ်လျဉ်း၍ အရေးယူနိုင်သည့်နည်းလမ်းများမှာ

- GSMF စီမံကိန်းတာဝန်ခံ/ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးကော်မတီတို့ကစွပ်စွဲမှုကိုတိုင်းဒေသကြီးလူမှုဂန်ထမ်ရုံးသို့လွှဲပြောင်းညွှန်းပို့နိုင်ပြီးရဲများလည်းပါဝင်ပတ်သက်လာနိုင်သည်။တိုင်းဒေသကြီးလူမှုဂန်ထမ်ရုံး၏အကြံပေးချက်ဖြင့်ကလေး၏မိဘ/အုပ်ထိန်းသူများကိုလည်းအမြန်ဆုံးဆက်သွယ်မည်။

- GSMF စီမံကိန်းတာဝန်ခံ/ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး ကော်မတီသည် တာဝန်ရှိသူတစ်ဦးကိုမီဒီယာများ၏စုံစမ်းမေးမြန်းမှုများကို ဖြေကြားရန် သတ်မှတ်ထားကြောင်းအသိပေးထားသင့်သည်။
- အကယ်၍ သံသယဖြစ်ခြင်းခံရသူ/ စွပ်စွဲခံရသူသည် GSMF စီမံကိန်း တာဝန်ခံ/ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး ကော်မတီဝင်များထဲ မှဖြစ်နေလျှင် GSMF အမြင့်ဆုံးတာဝန်ခံ သို့မဟုတ် သူမ၏ ကိုယ်စား လှယ်ထံတိုင်ကြားအစီရင်ခံရမည်ဖြစ်ပြီးထိုစွပ်စွဲချက်ကိုတိုင်းဒေသကြီးလူမှု ဝန်ထမ်းရုံးသို့ဆက်လက် တိုင်ကြားလိမ့်မည်။

ရဲဌာနနှင့်ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးနှင့်ဆိုင်သောစုံစမ်းစစ် ဆေးမှု၏ရလဒ်များသည် စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ စုံစမ်းစစ်ဆေးရေးကို လွှမ်းမိုးနိုင်သော်လည်း ဆုံးဖြတ်ချက်ချမှတ်နိုင်ရေးအတွက် ရနိုင်သမျှ သတင်း အချက် အလက်များကိုအသုံးပြုမည်ဖြစ်သည်။

အကယ်၍ဝန်ထမ်းတစ်ဦးသည် ညှင်းပန်းနှိပ်စက်မှုအတွက် တရားဥပဒေအရ ပြစ်မှုထင်ရှားသည်ဟုတရားရုံးကစီရင်ချက်ချလိုက်ပါက GSMF သည်ဝန်ထမ်းအား ဥပဒေအရပြစ်ဒဏ်ကျခြင်းမှကာကွယ်ပေးလိမ့်မည်မဟုတ်။ အကယ်၍စုံစမ်းစစ် ဆေးမှုများအရစွပ်စွဲမှုသည် အလေ့အကျင့်လွဲမှားခြင်းသာဖြစ်သည်ဟုဆုံးဖြတ်ပါက GSMF စီမံကိန်းတာဝန်ခံ/ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးကော်မတီ တို့သည် ယင်းကိုလက်မခံနိုင်သော အပြုအမူအဖြစ်သတ်မှတ်ပြီးစည်းကမ်းထိန်း သိမ်းရေးလုပ်ထုံးလုပ်နည်းအရ ဆက်လက်အရေးယူနိုင်ရန် ထိုဝန်ထမ်း၏တာဝန် ခံအားသက်ဆိုင်ရာသတင်းအချက်အလက်များကိုပေးပို့မည်။ အကယ်၍ GSMF မှ ကအလေ့အကျင့်လွဲမှားခြင်းဟု ယူဆပါက GSMF ဒါရိုက်တာကလည်းပြုပြင်ရေး သို့မဟုတ် စည်းကမ်းထိန်းသိမ်းရေးအရ အရေးယူရန်သင့်လျော်သည် ဟုစဉ်းစား

မည်ဖြစ်သည်။ ခြုံ၍ပြောရလျှင်GSMFစီမံကိန်းတာဂန်ခံ/ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးကော်မတီဝင်တို့သည် အောက်ပါတို့အတွက်တာဝန်ရှိသည် -

- ဤမူဝါဒကို လိုက်နာကျင့်သုံးကြောင်းသေချာစေခြင်း
- ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးနှင့်သက်ဆိုင်သည့်ကိစ္စများတွင် တရားဥပဒေရေးရာဝန်ဆောင်မှုများအတွက်ဆက်သွယ်ရေးတာဝန်ခံအဖြစ် ဆောင်ရွက်ပေးခြင်း
- ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးနှင့် သက်ဆိုင်သည့် ကိစ္စများတွင်ဝန်ထမ်းအားပံ့ပိုးကူညီရန်နှင့် လမ်းညွှန်ရန်အတွက် အဓိကပံ့ပိုးမည့် ပုဂ္ဂိုလ်အဖြစ်ဆောင်ရွက်ပေးခြင်း

စီမံချက်အနေဖြင့်ထိုတာဝန်များကို ထမ်းဆောင်နိုင်ရန်စီမံကိန်း တာဂန်ခံနှင့်ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး ကော်မတီအဖွဲ့ဂင်တို့ကို သင့်တော်သည့်သင်တန်းများပေးရန်လိုအပ်သည်။

**သတင်းပို့ရန်တာဝန်**

မည်သည့်ဂန်ထမ်းမဆိုညှင်းပန်းနှိပ်စက်သည့်ဖြစ်ရပ် သို့မဟုတ် စွပ်စွဲမှုတစ်ခုကိုမြင်တွေ့လိုက်ရလျှင် သို့မဟုတ် ကြားသိရလျှင်တိုင်ကြား သတင်းပို့ရန်လိုအပ်သည်။တိုင်ကြားရန်ပုံစံများကို နောက်ဆက်တွဲ(၂)နှင့်(၂)(က)တွင် ဖော်ပြထားပြီးမိမိပါဝင်သော စီမံကိန်းတာဂန်ခံသို့မဟုတ် အကြီးတန်းဝန်ထမ်းတို့ ထံမှရယူနိုင်သည်။

GSMF သို့မဟုတ်အခြားနေရာတွင်မည်သည့်ပုံစံဖြင့်မဆိုညှင်းပန်းနှိပ်စက်မှုနှင့်/ သို့ပြစ်မှုကျူးလွန်ခြင်းဖြစ်ပွားနေသည်ဟုသံသယရှိပါက သံသယရှိသူသို့မဟုတ် သိရှိထားသူသည် GSMF စီမံကိန်းတာဂန်ခံ/ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးအရာရှိအားဆက်သွယ်မည်။ ထိုမှတဆင့် သက်ဆိုင်ရာဒေသ

အာဏာပိုင်နှင့်တိုင်းဒေသကြီးလူမှုဝန်ထမ်းရုံးသို့ ဆက်လက်တိုင်ကြား သတင်းပေးမည်။တိုင်ကြားထားသည့်သတင်းအချက်အလက်သည် မှန်ကန်တိကျပြီးအသေးစိတ်ဖြစ်ရမည်။ အစီရင်ခံစာကိုဖွင့်ဟပြောဆိုချိန် သို့မဟုတ် ထိုကိစ္စဖြစ်ပွားချိန်တွင် တိုင်ကြားသင့်သည်။

ဖြစ်ရပ်ကိုတိုင်ကြားရာတွင်အောက်ပါအချက်များပါဝင်သင့်သည် -

- ကလေး၏ အမည်၊ အသက်၊ မွေးသက္ကရာဇ်၊ ဆက်သွယ်ရန် အိမ်လိပ်စာ
- တိုင်ကြားသူကိုယ်တိုင်က မျက်မြင်သက်သေဖြစ်ခဲ့လျှင် သို့မဟုတ် တဆင့်ကြားသိရပြီးတိုင်ကြားခြင်းဖြစ်လျှင်
- စွပ်စွဲချက်၏သဘာဝ/အမျိုးအစား၊ဖြစ်ပျက်သည့် ရက်စွဲ၊ အချိန်၊ သက်ဆိုင်သည့်သတင်းအချက်အလက်များနှင့်အထူးအခြေခံအကြောင်းအရင်းများ
- အချက်အလက်မှန်၊ ထင်မြင်ယူဆချက်နှင့် တဆင့်ကြားသိရသည်များကို ရှင်းလင်းကွဲပြားစွာဖော်ပြချက်
- မြင်သာသည့် ထိခိုက်ပွန်းပဲ့ဒဏ်ရာများသို့မဟုတ်မမြင်သာသည့်သွယ်ဝိုက်လက္ခဏာများဖြစ်သော အပြုအမူပြောင်းလဲခြင်း စသည်ဖြင့်...
- နှိပ်စက်ညှင်းပန်းမှုကိုမြင်တွေ့လိုက်ရသည့်သက်သေများ၏ထွက်ဆိုချက်
- ကလေး၏ထွက်ဆိုချက်ဘာဖြစ်ပျက်ခဲ့သည်၊မည်သို့ခံစားရသည်၊ဖြစ်ရပ်ကို ကလေးကမည်သို့နားလည်သည်စသည်များကို အကယ်၍ဖော်ပြနိုင်လျှင် ဖော်ပြရန်
- ကလေးနှင့်စကားပြောခဲ့သည့် သို့မဟုတ် ကလေးကစကားပြောခဲ့သည့် အခြားပုဂ္ဂိုလ်များအကြောင်း
- စွပ်စွဲခံရသော ကျူးလွန်သူကို သိရှိခဲ့လျှင်၎င်း၏ အကြောင်းအသေးစိတ်ဖော်ပြချက်

ကလေးများကိုယ်တိုင် စော်ကားခံရပုံဖြစ်ရပ်အကြောင်းကို ကိုယ်တိုင်တင်ပြရန် GSMF စီမံကိန်းအတွင်းအလွတ်သဘောဆွေးနွေးရန်ပုံမှန်မျှဝေမှုပြုသည့်အချိန်များရှိသည်။ ထိုသို့ကလေးများကပြန်ပြောပြချိန်တွင်ဝန်ထမ်းများကို အထက်တွင်ဖော်ပြထားသည့်"တိုင်ကြားခြင်းနှင့်တုန့်ပြန်မှုလမ်းညွှန်" ကိုလိုက်နာရန်သတိရှိနေမည်။

ဝန်ထမ်းများ၏ တာဝန်အသေးစိတ်မှာ တစ်ဦးချင်း၏အလုပ်တာဝန်ဖော်ပြချက်တွင်တွေ့ရှိနိုင်သည်။ဝန်ထမ်းအားလုံးသည် အသင်းအဖွဲ့မူဘောင်အတွင်းလျှို့ဝှက်ထိန်းသိမ်းထားရမည်များကိုထည့်သွင်းစဉ်းစားကာ သင့်တော်သည့်သတင်းအချက်အလက်များမျှဝေပေးပြီးကလေးအတွက် အကောင်းဆုံးဖြစ်စေရန်စဉ်းစားပြီးဆုံးဖြတ်ချက်ချသည်။ဝန်ထမ်းအားလုံးသည်တိုင်ကြားသည့် ကိစ္စများအတွက်စုံစမ်းစစ်ဆေးရေးလုပ်ငန်းစဉ်များအတွင်းအပြည့်အဝပူးပေါင်းဆောင်ရွက်သည်။

## ၈။ပြီးခဲ့သည့်ကျူးလွန်မှုများအပေါ် စွပ်စွဲခြင်း

တခါတရံတွင်ဖြစ်ရပ်ဖြစ်ပွားပြီးနောက် အချိန်များစွာကြာမြင့်ပြီးမှတိုင်ကြားခြင်းမျိုးလည်းရှိသည်။(ဥပမာ အရွယ်ရောက်ပြီးသူတစ်ဦးသည် ကလေးဘဝကအနိုင်ကျင့်ခံခဲ့ရခြင်း သို့မဟုတ်လက်ရှိတွင်ကလေးများနှင့်လက်ရှိအလုပ်လုပ်နေဆဲဖြစ်သည့် ဝန်ထမ်းက ကျူးလွန်ခဲ့ခြင်း) ထိုသို့စွပ်စွဲမှုများပြုလုပ်လာခဲ့လျှင် GSMF သည်အထက်တွင် အသေးစိတ်ဖော်ပြထားသည့် လုပ်ငန်းစဉ်များ အတိုင်းလိုက်နာဆောင်ရွက်ပြီး တိုင်းဒေသကြီးလူမှုဝန်ထမ်းရုံးသို့မဟုတ်ရဲဌာနသို့တိုင်ကြားရမည်။

## ၉။နိုပ်စက်ညှင်းပန်းမှုဖြစ်ပွားပြီးနောက်ကိုင်တွယ်ဖြေရှင်းရန်ပံ့ပိုးကူညီမှု

ကနဦးတိုင်ကြားမှုအရဖြစ်ရပ်ကို စုံစမ်းပြီးလျှင်ကလေး၊ မိဘနှင့်မိသားစုဝင်များအားလိုအပ်လျှင် ကူညီပံ့ပိုးရန်စဉ်းစားရမည်။ လူမှုလုပ်သားများ၊ ကူညီပံ့ပိုး

သည့်အဖွဲ့များနှင့် ပွင့်လင်းစွာဆွေးနွေးခြင်းများဖြင့် ကုစားရေးလုပ်ငန်းစဉ်ကိုဆက်လက်လုပ်ကိုင်သွားစေနိုင်သည်။ လူမှုလုပ်သားသည် ဆက်လက်ကူညီပံ့ပိုးသွားနိုင်ရန်သက်ဆိုင်သူတစ်ဦးနှင့် အတူအစီအစဉ်ရေးဆွဲမည်။ ဝန်ထမ်းအားကူညီပံ့ပိုးပေးရန်လိုအပ်ချက်ကိုလည်းဆန်းစစ်ရန်လိုအပ်သည်။

*ဤကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးမူဝါဒနှင့်အတူနောက်ဆက်တွဲ (၁) မှ (၃)အထိနှင့် ဧည့်သည်များအတွက်ပုံစံတို့သည် GSMF မှတာဝန်ရှိသူများက အတည် ပြုပြီးဖြစ်သည်။*

| တာဝန်ရှိသူ၏အမည် | တာဝန်ရှိသူ၏အခန်းကဏ္ဍ | လက်မှတ် | ရက်စွဲ |
|---|---|---|---|
| Sr.Regina Htoo Htoo | Unit Leader East Asia Province |  | 14th Nov, 2016 |
| Sr.Veronica Anthony | Sector Leader Myanmar |  | 14th Nov, 2016 |

**ကတိပြုကြောင်း ကြေညာချက်**

**ကျွန်ုပ်သည် ဤ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးမူဝါဒကို သိရှိပြီး အောက်ပါတို့ကို သဘောတူလက်မှတ်ထိုးပါသည်။**

(၁) ကျွန်ုပ်သည်ကလေးသူငယ်ကာကွယ် စောင့်ရှောက်ရေးမူဝါဒ (နောက်ဆက်တွဲများအပါအဝင်)တွင်ပါဝင်သော အချက်အလက်များကို ဖတ်ရှုနားလည်ပြီး ဖြစ်ပါသည်။

(၂) ကျွန်ုပ်သည်ဝန်ထမ်းစည်းမျဉ်းတစ်ခုအဖြစ် GSMF ၏ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးမူဝါဒတွင်ပါဝင်သောအခြေခံစည်းမျဉ်းများ၊ လုပ်ငန်းစဉ်များ နှင့် လုပ်ထုံးလုပ်နည်းများကို လိုက်နာကျင့်သုံးပါမည်။

(၃) ကလေးသူငယ်များအားရုပ်ပိုင်း သို့မဟုတ် လိင်ပိုင်းဆိုင်ရာ ညှင်းပန်းနှိပ်စက်ခြင်းအပါအဝင် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးနှင့် စပ်လျဉ်း၍ ကျွန်ုပ်အား စွပ်စွဲခံရခြင်း သို့မဟုတ် ပြစ်ဒဏ်ချမှတ်ခံရခြင်း မရှိခဲ့ပါ။

(၄) ဤမူဝါဒကို လိုက်နာရန်ပျက်ကွက်ခဲ့လျှင် ကျွန်ုပ်၏အလုပ်ကိုထိခိုက်နိုင်ကြောင်းသိရှိပါသည်။ဤကိစ္စနှင့်စပ်လျဉ်း၍ GSMF ၏ မည်သည့်စည်းကမ်းချက်ကိုမဆို လက်ခံပါသည်။

လက်မှတ် ____________________

အမည် ____________________

ရာထူး ____________________

နေရာဒေသ ____________________

ရက်စွဲ ____________________

စီမံကိန်းမှုသက်သေ ______________________________

ရက်စွဲ ______________________________

**GSMF၏ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး/ သို့မဟုတ် တရားမျှတရေးနှင့်ငြိမ်းချမ်းရေးကော်မတီသို့မဟုတ် အုပ်ချုပ်ရေး အကြီးတန်း အရာရှိ ၏ သက်သေခံမှု**

______________________________

ရက်စွဲ ______________________________

သတိပြုရန် -

*GSMF၏ ဝန်ထမ်း၊ စေတနာ့ဝန်ထမ်း နှင့် GSMF ၏ ကြီးကြပ်ကွပ်ကဲမှုအောက်တွင်ကလေးများနှင့်ပုံမှန်ဆက်သွယ်ခွင့်ပြုထားသောမည်သည့်အရွယ်ရောက်ပြီးသူမဆိုဤကတိပြုလွှာကို လက်မှတ် ထိုးရမည်။*

**နောက်ဆက်တွဲ - ၁**

**ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးမူဝါဒ-ညွှန်သည့် များဖြည့်ရန်ပုံစံ**

ကျွန်ုပ် ____________________ သည်(စီမံကိန်း သို့မဟုတ် ကလေး) ____________________________ထံ(ရက်စွဲ)________________________တွင်လာ ရောက်လည်ပတ်ရာစီမံကိန်း၏ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးမူဝါဒ များနှင့်ကမ္ဘာ့ကုလသမဂ္ဂကလေးအခွင့်အရေးဆိုင်ရာသဘောတူညီချက်ပါကလေး အားလုံး၏ အခွင့်အရေးများ (UNCRC) ကို ထိခိုက်ခြင်းမှကာကွယ်ရေးကို အသိပေးခြင်းခံရပါသည်။

ထို့ပြင်ကျွန်ုပ်သည်အောက်တွင်ဖော်ပြထားသည့်လူတိုင်းအတွက်အပြုအမူဆိုင်ရာ စည်းကမ်းချက်များကိုလည်း လိုက်နာပါမည်။

- ကလေးအားလုံးကိုလေးလေးစားစား၊ဂုဏ်သိက္ခာရှိရှိဖြင့်ဆက်ဆံပါမည်။
- ကလေးအားလုံးကို တန်းတူညီမျှ ဆက်ဆံပါမည်။
- ကလေးများနှင့်ထိခိုက်လွယ်သော အရွယ်ရောက်ပြီးသူအားလုံးကိုအပြု သဘောဆောင်ပြီး သင့်လျော်သော အမူအယာဖြင့် ဆက်ဆံပါမည်။
- ကလေးများ၏အခွင့်အရေးဖြစ်သော အနောက်အယှက်ကင်းကင်းနေနိုင် ခွင့်နှင့်ကိုယ်ပိုင်ရပ်တည်ခွင့်ကိုသိရှိပါသည်။ကလေးများသည်မိမိမေး သော မေးခွန်းများကို မဖြေဆိုဘဲငြင်းပယ်ရန်နှင့်မိမိ အကြံပေးသည်များကို မလိုက်နာဘဲ နေရန်အခွင့်အရေးရှိပါသည်။
- ထိခိုက်စော်ကားသည်ဟု ယူဆနိုင်သည့် မည်သည့်အပြုအမူမျိုးကိုမဆို တွေ့ရှိပါကတိုင်ကြားသတင်းပို့ပါမည်။
- စီမံကိန်းအတွင်းတွင်ပွင့်လင်းမှု၊ ရိုးသားမှုနှင့် ဘေးကင်းလုံခြုံမှုရှိ သော ဆက်ဆံရေးကိုအလေ့အထ တစ်ရပ်အဖြစ်ထူထောင်ပါမည်
- မိမိတို့တွင်ရှိနေသည့်စိုးရိမ်စရာသို့မဟုတ်စိတ်ပူစရာကိစ္စများကိုပြောပြရန် နှင့်ပြောဆိုရန်ကလေးများအားခွင့်ပြုထားသည်(အတင်းအကျပ်မလုပ်ရ)။
- ကလေးတစ်ဦးချင်း၏နယ်နမိတ် သတ်မှတ်ထားချက်ကို လေးစားပြီး ကလေးများမိမိတို့အခွင့်အရေးများအပေါ် ယင်းတို့ကိုယ်တိုင်ခံစားနားည်မှု ကိုတိုးတက်လာအောင် အားပေးကူညီပါမည်။

ကျွန်ုပ်အနေဖြင့်မည်သည့်အခါမျှမပြုလုပ်ဘဲရှောင်ကြဉ်မည့်အရာများမှာ

- ကလေးများကို ရုပ်ပိုင်းဆိုင်ရာ စော်ကားခြင်း သို့မဟုတ်ညှင်းပန်း နှိပ်စက်ခြင်း
- ·ကလေးများနှင့် လိင်ဆက်ဆံခြင်း
- ခေါင်းပုံဖြတ်ခြင်း သို့မဟုတ် ညှင်းပန်းနှိပ်စက်ခြင်းဟုယူဆနိုင် သည့် ဆက်ဆံရေးမျိုးဖြင့် ကလေးများအပေါ် ဆက်ဆံခြင်း
- နှိပ်စက်ညှင်းပန်းခြင်းဖြစ်နိုင်သည့် သို့မဟုတ် ကလေးအားနှိပ်စက်ခံရ နိုင် သည့် အန္တရာယ်ကျရောက်နိုင်ခြေရှိသည့် အပြုအမူများ
- မသင့်လျော်သော၊စိတ်အနှောင့်အယှက်ဖြစ်စေသော၊စော်ကား သော ဘာသာစကား/ စကားလုံးအသုံးပြုခြင်း၊ အကြံဉာဏ် ပေးခြင်း
- သဘာဝအားဖြင့်ကလေးတို့ကိုယ်တိုင်လုပ်နိုင်သောအရာများကိုလုပ် ကိုင်ပေးခြင်း
- တရားမဝင်သော၊ ဘေးမကင်းသော သို့မဟုတ် စော်ကားသော အပြုအမူများတွင် ပါဝင်ဆောင်ရွက်ခြင်း
- အရှက်ရစေခြင်း၊သရော်ခြင်း သိမ်ငယ်စေခြင်းသို့မဟုတ် သိက္ခာကျစေ ခြင်းတို့ကို တမင်ရည်ရွယ်ချက်ဖြင့် ပြုလုပ်ခြင်း
- ခွဲခြားနှိမ့်ချဆက်ဆံခြင်း၊ ကွဲပြားစွာဆက်ဆံသည်ကို ထင်ရှား စေခြင်းသို့မဟုတ်အခြားကလေးများထံမှခွဲထုတ်ရန်ကလေးတို့အား မျက်နှာသာပေးခြင်း

ညှိနှိုင်းသည့်သည်များအနေဖြင့် ရှောင်ကြဉ်ရမည်မှာ -

- ခွင့်ပြုမထားဘဲ အချိန်ကာလတစ်ခု အထိအခြားသူများနှင့် အဝေးတွင် ကလေးတို့နှင့်သီးခြားရှိနေခြင်း
- ကလေးအားအဝေးသို့/ သင်၏နေအိမ်သို့ ခေါ်ဆောင်သွားခြင်း သို့မဟုတ် စီမံကိန်းတွင်မပါဝင်သော သီးခြားဆက်ဆံရေးထူထောင်ခြင်း

လက်မှတ် ______________________________

ရက်စွဲ ______________________________

သက်သေ (ဝန်ထမ်း) ______________________________

ရက်စွဲ ______________________________

နောက်ဆက်တွဲ - ၂

သတိပြုရန် - လျှို့ဝှက်ထိန်းသိမ်းထားရန်

ကနဦးတိုင်ကြားသူ ၏ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး

ဖြစ်ရပ်အစီရင်ခံစာ (ဆရာ/မ၊ သူနာပြု၊ နေ့စားလုပ်သား…)

ဖြစ်ရပ်နံပါတ် -

စီမံကိန်းတည်နေရာ -

ဖြစ်ပျက်သည့် ရက်စွဲ -

တိုင်ကြားသတင်းပို့သည့် ရက်စွဲ -

တိုင်ကြားသည့်ပုံစံနှုတ်ဖြင့်၊စာဖြင့်

အစီရင်ခံစာ တင်သည့် ဝန်ထမ်း

လုပ်ငန်းတာဝန်/အဆင့်

အစီရင်ခံစာ လက်ခံသည့် ဝန်ထမ်း

လုပ်ငန်းတာဝန်/အဆင့်

ဆက်သွယ်ရန်လိပ်စာ/ ဖုံးနံပါတ်

ကလေး၏ အချက်အလက်များ

အမည်

မိဘ/အုပ်ထိန်းသူ အမည် -

မိဘ/အုပ်ထိန်းသူလိပ်စာ -

အသက် -

မွေးသက္ကရာဇ် -

ကျား/မ      လူမျိုး -

ကိုးကွယ်သည့်ဘာသာ -

ပညာအရည်အချင်း -

အထူးအချက်အလက်များ (ရှိလျှင် ဖော်ပြရန်)

ဖြစ်ရပ်အသေးစိတ်ဖော်ပြချက် - မလုံလောက်လျှင်သီးခြားစာရွက်ဖြင့် ရေးသားနိုင်သည်။

ဖြစ်ရပ်နှင့်သက်ဆိုင်သည်များကိုအသေးစိတ်ဖော်ပြရန်။(ကလေး၏တိုင်ကြား/

ရှင်းပြချက်၊တိုင်ကြားခံရသူ၏ လေ့လာတွေ့ရှိချက်နှင့် အခြားသက်ဆိုင်သည့် အချက်အလက်များ - ဖြစ်ရပ်၏အချက်အလက်နှင့်မိမိ၏ ထင်မြင်ယူဆချက်တို့ကို ကွဲပြားအောင် ရှင်းရှင်းလင်းလင်းဖော်ပြရန်)

တုန့်ပြန်ဆောင်ရွက်ချက် - (ညွှန်းပို့ခြင်းများ ပြုလုပ်ခဲ့လျှင် တိတိကျကျ ဖော်ပြရန်

မိဘ/အုပ်ထိန်းသူ၏ ပါဝင်ပတ်သက်မှု -

နောက်ဆက်တွဲ ဆောင်ရွက်ရန် လိုအပ်ချက် -

တိုင်ကြားသူ၏ လက်မှတ် နှင့် ရက်စွဲ

GSMF ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးအရာရှိ/ အစီရင်ခံစာကို

လက်ခံသူ၏ လက်မှတ် နှင့်နေ့စွဲ

နောက်ဆက်တွဲ - ၂ (က)

သတိပြုရန် - လျှို့ဝှက်ထိန်းသိမ်းထားရန်

ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဖြစ်ရပ်အစီရင်ခံစာ/ အုပ်ချုပ်ရေးဆိုင်ရာ အစီရင်ခံစာ

ဖြစ်ရပ်နံပါတ် -

စီမံကိန်းတည်နေရာ -

ဖြစ်ပျက်သည့် ရက်စွဲ -

